ဘောင်းကျ(မ)ကျေးရွာ

အရာတော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘောင်းကျ(မ)ကျေးရွာ ၊ အရာတော်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

ဘောင်းကျကျေးရွာအုပ်စု၊ ဘောင်းကျ(မ)ကျေးရွာ၏ ကျေးရွာအတွင်း/ရွာအပြင်အဖွဲ့အစည်းများမြေပုံ

၁၃.၂.၂၀၁၉

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင် (VDP)စီမံကိန်းဆောင်ရွက်မည့်

ဘောင်းကျ(မ)ကျေးရွာ၏ နှစ်အလိုက်ဦးစားပေးစီမံချက်

စဉ်	စီမံချက်(Project)	ဦးစားပေးအဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာတွင်းလမ်းခဲ့ထွင်ခြင်းနှင့် မြေသားဘောင်တင်ခြင်းလုပ်ငန်း	၁	✓				
၂	လျှပ်စစ်မီးလင်းရေးလုပ်ငန်း	၂		✓	✓	✓	✓
၃	မူးမြစ်ကူးတံတားတည်ဆောက်ခြင်း	၃		✓	✓	✓	✓
၄	ကျန်းမာရေးဆရာ/ဆရာမ ရရှိနိုင်ရေး ဆောက်ရွက်ရန်	၄		✓	✓	✓	✓
၅	စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်ရန်	၅		✓	✓	✓	✓
၆	အားကစားကွင်းရရှိရေး ဆောင်ရွက်ရန်	၆		✓	✓	✓	✓
၇	အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ရန်	၇		✓	✓	✓	✓

ဘောင်းကျကျေးရွာအုပ်စု၊ ဘောင်းကျ(မ)ကျေးရွာ၏

ကျေးရွာမှအဆိုပြုသော စီမံချက်များအတွက် ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

စဉ်	စီမံချက်	အကဲဖြတ်အမှတ်ပေးသူ (၁)	အကဲဖြတ်အမှတ်ပေးသူ (၂)	အကဲဖြတ်အမှတ်ပေးသူ (၃)	အကဲဖြတ်အမှတ်ပေးသူ (၄)	အကဲဖြတ်အမှတ်ပေးသူ (၅)	အကဲဖြတ်အမှတ်ပေးသူ (၆)	အကဲဖြတ်အမှတ်ပေးသူ (၇)	အကဲဖြတ်အမှတ်ပေးသူ (၈)	အကဲဖြတ်အမှတ်ပေးသူ (၉)	အကဲဖြတ်အမှတ်ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁။	ကျေးရွာတွင်းလမ်းခဲ့ထွင်ခြင်းနှင့် မြေသားဘောင်တင်ခြင်းလုပ်ငန်း	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀	၁၀၀	၁
၂။	လျှပ်စစ်မီးလင်းရေးလုပ်ငန်း	၁၀	၁၀	၁၀	၈	၁၀	၇	၉	၉	၅	၁၀	၈၈	၂
၃။	မူးမြစ်ကူးတံတားတည်ဆောက်ခြင်း	၁၀	၁၀	၅	၇	၁၀	၅	၆	၈	၆	၁၀	၇၇	၃
၄။	ကျန်းမာရေးဆရာ/ဆရာမ ရရှိနိုင်ရေး ဆောက်ရွက်ရန်	၅	၁၀	၁၀	၃	၁၀	၇	၅	၇	၂	၁၀	၆၉	၄
၅။	စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်ရန်	၂	၁၀	၃	၅	၁၀	၁၀	၅	၆	၄	၁၀	၆၅	၅
၆။	အားကစားကွင်းရရှိရေး ဆောင်ရွက်ရန်	၅	၅	၁	၂	၅	၁၀	၃	၃	၇	၅	၄၆	၆
၇။	အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ရန်	၃	၇	၅	၁	၆	၃	၃	၂	၁	၅	၃၆	၇

ဘောင်းကျကျေးရွာအုပ်စု၊ ဘောင်းကျ(မ)ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးနိုင်ဝင်း	ဦးပွေး	၅/အရတ(နိုင်) ဝဂုဇဇ၁၃	၄၃	ဥက္ကဋ္ဌ	ဝဇ-၉၇၇၁၄၆၆၆၃
၂။	ဦးဝင်းကိုကို	ဦးမောင်ဝင်း	၅/အရတ(နိုင်) ၁၂၆၃၆၆	၂၈	ဘဏ္ဍာရေးမှူး	ဝဇ-၉၅၁၂၃၁၂၉၁
၃။	ဦးအောင်ကျော်စိုး	ဦးချစ်	၅/အရတ(နိုင်) ဝဂုဖဖ၃၇	၃၄	စာရင်းကိုင်	ဝဇ-၇၈၅၇၅၁ဝ၁၃
၄။	ဦးပြုံး	ဦးချိတ်	၅/အရတ(နိုင်) ဝဖဇ၂၁၂	၅ဝ	အဖွဲ့ဝင်	ဝဇ-၄ဝ၃ဝ၃၅၅၅၇
၅။	ဦးကျော်မိုး	ဦးပုန်းစိန်	၅/အရတ(နိုင်) ဝဂု၃၄၈၁	၄၂	အဖွဲ့ဝင်	ဝဇ-၉၆၂၉၆၅၃၃
၆။	ဦးသောင်းဟန်	ဦးတော်အောင်	၅/အရတ(နိုင်) ၂၁၆၃၈၈	၃၄	အဖွဲ့ဝင်	ဝဇ-၉၅၁၅၄၅၄၄
၇။	ဒေါ်ရီမွန်ကျော်	ဦးနိုင်ဝင်း	၅/အရတ(နိုင်) ၁၁၅၈ဝ၃	၂၃	အဖွဲ့ဝင်	ဝဇ-၉၇၇၁၄၆၆၆၃
၈။	ဒေါ်ယဉ်ယဉ်ဝင်း	ဦးဘိုလင်း	၅/အရတ(နိုင်) ဝဂုဖဝဂု၅	၃၇	အဖွဲ့ဝင်	ဝဇ-၂၆၅၉၈၉၉၇၇
၉။	ဦးကျောက်စိန်	ဦးသန်းဌေး	၅/အရတ(နိုင်) ဝဖဇ၂၂၁	၄ဝ	အတွင်းရေးမှူး	ဝဇ-၉၇၅၃၄၂၃၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ဘောင်းကျကျေးရွာအုပ်စု၊ ဘောင်းကျ(မ)ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရပ်မိရပ်ဖများ**					
	• သွားလာရခက်ခဲခြင်း	• ကျေးရွာတွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ ရေစီးရေလာမကောင်းခြင်း၊ ရေမြောင်းများမရရှိခြင်း	• မူလလမ်းရှိခြင်း၊ အိမ်ဝန်းရှင်များမှ လမ်းအတွက် မြေပေးနိုင်ခြင်း၊ လုပ်အား/ငွေအား ပါဝင်နိုင်ခြင်း	• ငွေကြေးမလုံလောက်ခြင်း၊ စက်ယန္တရားလက်လှမ်းမီမှုမရှိခြင်း၊ နည်းပညာမသိခြင်း	• ကျေးရွာမှလမ်းကော်မတီနှင့်ရပ်မိရပ်ဖများ ပူးပေါင်း၍ ရန်ပုံငွေရရှိရန်အလှူရှင်များ ရှာဖွေခြင်း၊ သက်ဆိုင်ရာဌာနလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းအစိုးတို့မှ ပံ့ပိုးကူညီမှုရရှိရန် ချိတ်ဆက်ဆောင်ရွက်သွားရန်	• ကျေးရွာတွင်းလမ်းများပြုပြင်ခြင်းလုပ်ငန်းအားဆောင်ရွက်သွားပါမည်။
	• လျှပ်စစ်မီးမရရှိခြင်း	• ကျောင်းနေအရွယ်ကလေးများပညာရေးအတွက်စာကျက်ရန် ခက်ခဲခြင်း • ကျေးရွာသောက်သုံးရေရရှိရေးအတွက်ခက်ခဲခြင်း • အသေးစားစက်မှုလုပ်ငန်းများအတွက် ခက်ခဲခြင်း	• မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်အကွာတွင်ရှိခြင်း • ကျေးရွာမှလျှပ်စစ်မီးလင်းရေးအတွက်ရန်ပုံငွေ အသင့်အတင့်ကောက်ခံထားရှိခြင်း • ကျေးရွာတွင်းလမ်းများခဲ့ထားခြင်း • ကျေးရွာမှ စုပေါင်းပါဝင်နိုင်	• ငွေကြေးခက်ခဲခြင်း	• လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာရပ်မိရပ်ဖများမှ ငွေကြေးရရှိရေးအတွက်အလှူရှင်စေတနာရှင်များအား ရှာဖွေဖိတ်ခေါ်ခြင်း • သက်ဆိုင်ရာဌာန၊လွှတ်တော်ကိုယ်စားလှယ်များအားအကူအညီတောင်းခံရန်	• ကျေးရွာတွင်းမဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်သွားမည်။ • သက်ဆိုင်ရာဌာနများ၊ပုဂ္ဂိုလ်များနှင့် ချိတ်ဆက်၍အကူအညီအထောက်အပံ့

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရပ်မိရပ်ဖများ**					
	• သွားလာရခက်ခဲခြင်း	• မူးမြစ်ကူးတံတားမရှိခြင်း • မူးမြစ်ကူးခစက်လှေ ခ(တစ်ထောင်ကျပ်) ဆိုင်ကယ်(သွားပြန်) ပေးရခြင်း • တောင်သူများစက်လှေခ များပေးရ၍ အခက်အခဲ ဖြစ်ခြင်း • မူးမြစ်အား စက်လှေဖြင့် ကူး၍ သွားလာရသော ခရီးသွားပြည်သူများ စက်လှေစောင့်ရ၍ လိုရာခရီးရောက်ရန် နှောင့်နှေးကြန့်ကြာခြင်း • လက်ရှိတံတားသည် ဝါးတံတားဖြစ်နေခြင်း (ယာယီ) ပေ ၅၀၀	• တောင်သူ ဦး(၆၀)ပိုင်ဆိုင်သော ကျွန်းမြေများရှိခြင်း၊ ရွှေဘို - မုံရွာ ခရိုင်ချင်း ဆက်လမ်းနှင့် အနီးဆုံး ဖြစ်ခြင်း • ခရီးသွားပြည်သူများနှင့် တောင်သူများ အများဆုံး အသုံးပြုနိုင်ခြင်း • အသွားအလာများခြင်း	• ငွေကြေးခက်ခဲခြင်း • သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံပြီး ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း	• ကျေးရွာလူထုမှစုပေါင်းပါဝင်ပြီး သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရန်	• မူးမြစ်ကူးတံတား ပေ ၁၅၀၀ ခန့်ရှိ တံတား (၁)စင်း တည်ဆောက်ပေးရန်

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၂	**စိုက်ပျိုးရေး(တောင်သူလယ်သမားအုပ်စု)**					
	• စိုက်ပျိုးရေခက်ခဲခြင်း	• ဆည်မြောင်းမှရေပြွန်များ အနိမ့်အမြင့်မညီခြင်း၊ ရေပုံမှန်မရရှိခြင်း၊ အချိန်မီစိုက်ပျိုးနိုင်မှုမရှိခြင်း၊	• စိုက်ပျိုးရန်မြေဇကာများရှိခြင်း • သွင်းအားစုများအလွယ်တကူရရှိခြင်း • စိုက်ပျိုးလုပ်ကိုင်သော တောင်သူလယ်သမားများ ပေါများခြင်း • မူးမြစ်ရေတင်ဆည်မြောင်း ရှိခြင်း	• ဆည်မြောင်းဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း၊ မူးမြစ်ရေတင်မှ ရေမရရှိခြင်း	• တောင်သူများနှင့်ရပ်မိရပ်ဖများမှဒေသအာဏာပိုင်များနှင့်ချိတ်ဆက်၍ ရေရရှိရေးဆောင်ရွက်သွားရန်	• စိုက်ပျိုးရေရရှိရေး အတွက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၃	**အမျိုးသမီးအဖွဲ့**					
	• ကျန်းမာရေး ဆရာ/ဆရာမအတည်တကျ မရှိခြင်း	• ကျန်းမာရေးဌာနမှ ဆရာ/ဆရာမ ချထားပေးသော်လည်း မရောက်ရှိသေးခြင်းဆေး • ကျေးရွာမှတင်ပြတောင်းခံမှုမရှိခြင်း	• ကျေးလက်ကျန်းမာရေးဌာနအဆောက်အဦရှိခြင်း • ကျေးရွာမှ ဆရာ/ဆရာမ နေရာထိုင်ခင်းအဆင်ပြေစေရေးကူညီဆောင်ရွက်ပေးနိုင်ခြင်း	• မြို့နယ်ကျန်းမာရေး ဌာနမှဆရာဝန်/ ဆရာမများ ရောက်ရှိအောင်ပံ့ပိုးမှုမရှိခြင်း • ဆရာဝန်/ဆရာမဌားရမ်းရန် ငွေကြေးအခက်အခဲရှိခြင်း	• ကျေးရွာအုပ်ချုပ်ရေးမှူးရုပ်မရုပ်ဖများပူးပေါင်း၍ ဆရာ/ဆရာမအမြန်ဆုံးရရှိနိုင်ရေးကျန်းမာရေးဌာနသို့တင်ပြတောင်းဆိုရန် • ကျန်းမာရေးဆိုင်ပစ္စည်းကိရိယာများပြည့်စုံစွာရရှိနိုင်ရေးကျန်းမာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်	• သက်ဆိုင်ရာဌာနများ၊ပုဂ္ဂိုလ်များနှင့်ချိတ်ဆက်၍အကူအညီအထောက်အပံ့ ရရှိနိုင်ရေးတင်ပြဆောင်ရွက်သွားမည်။

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	**စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ**					
	• အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း	• လယ်ယာမြေပိုင်ဆိုင်မှု မရှိခြင်း • အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှုအား နည်းခြင်း • နေ့စားအလုပ်သမားများ ဖြစ်နေခြင်း	• အလုပ်လုပ်ကိုင်နိုင်သော လူငယ်လူရွယ်များ ပေါများခြင်း • သက်မွေးဝမ်းကျောင်း ပညာများသင်ယူရန်နှင့် သင်တန်းများတက် ရောက်ရန်လက်လှမ်း	• အသက်မွေဝမ်း ကျောင်းသင်တန်း များတက်ရောက် ရန်ငွေကြေးအခက် အခဲရှိခြင်း	• အသက်မွေးကျောင်း သင်တန်းများဖွင့်လှစ် သင်ကြားပေးသည့် သက်ဆိုင်ရာဌာနများ နှင့်ပူးပေါင်းဆောင် ရွက်ရန်	• သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ဆောင် ရွက်သွားမည်။
၅	**လူငယ်အဖွဲ့**					
	• စာကြည့်တိုက်မရှိခြင်း	• လူငယ်လူရွယ်များအသိ အမြင်ဗဟုသုတနည်းပါး ခြင်း	• မြေနေရာအလှူရှင်ရှိပြီး စာဖတ်သူများပြားခြင်း	• ငွေကြေးအခက် အခဲရှိခြင်း	• ကျေးရွာရှိအဖွဲ့အစည်း များနှင့်သက်ဆိုင်ရာ ပြန်ကြားရေးနှင့်ပြည် သူ့ဆက်ဆံရေးဦးစီး ဌာနနှင့်ချိတ်ဆက်ရန်	• ကျေးရွာရပ်မိရပ်ဖများ နှင့်ပူးပေါင်း၍စာကြည့် တိုက်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ခြင်း၊ စာအုပ်စာပေကဏ္ဍစုံ ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။
	• အားကစားကွင်း မရှိခြင်း	•လူငယ်များအားကစား ဝါသနာပါသော်လည်း မပြုလုပ်နိုင်ခြင်း	• အားကစားကွင်းပြုလုပ် ရန်မြေနေယာရှိခြင်း • အားကစားဆောင်ရွက် လိုသည့်လူငယ်လူရွယ်များ ရှိခြင်း	• ငွေကြေးအခက် အခဲရှိခြင်း •အားကစားပစ္စည်း များလုံလောက်မှု မရှိခြင်း	• ရပ်မိရပ်ဖများနှင့်လူငယ် များပူးပေါင်း၍သက်ဆိုင် ရာဌာနများသို့တင်ပြ၍ အားကစားကွင်းတည်	• အားကစားကွင်းတည်

မာတိကာ

မာတိကာ ၁

စကားချီး ၃

(၁) နိဒါန်း ၄

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(၂) ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ ၅

(က) တည်နေရာ ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၅

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) အတန်းပညာကျွမ်းကျင်မှု

(စ) ရပ်ရေးရွာရေး

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၇

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မ ရေးရာ

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများနှင့် အဟန့်အတားများ ၉

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၈

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

နိဂုံး ၁၁

- ဘောင်းကျ(မ)ကျေးရွာ သယံဇာတပြမြေပုံ
- ဘောင်းကျ(မ)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်
- ဘောင်းကျ(မ)ကျေးရွာ ကျေးရွာတွင်း/ပြင်ပ အဖွဲ့အစည်းများပြပုံ

နောက်ဆက်တွဲ

- ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ နောက်ဆက်တွဲ (၂)
- ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား နောက်ဆက်တွဲ (၃)
- ဦးစားပေးအဆင့်ခွဲခြားသတ်မှတ်ခြင်း
- အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ
- ကော်မတီဝင်များစာရင်း
- ကဏ္ဍအလိုက် အကောင်အထည်ဖော်မည့်နှစ်အလိုက် ဦးစားပေးစီမံချက်များ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂ - ၂၀၂၃ ခု ၊ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက် ဖြစ်ပြီး ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ၊ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးကျေးဇူးတင်ရှိပါသည်။
စီမံချက်များအတွက်အဖက်ဖက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ ၊ ဆယ်အိမ်မှူးများနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများ ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း လူထုအင်အား စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ ကျေးရွာသူကျေးရွာသားများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်နည်းများကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းလုပ်ဆောင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိနိုင်အောင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ယခုစီမံကိန်းမှ လုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုများကို သိရှိနားလည်လာရုံသာမက အခြားဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့ အဖွဲ့အစည်းများမှ ကိန်းဂဏန်းအချက်အလက်များရရှိနိုင်သော နေရာများမှလည်း ကောက်ယူနိုင်ခဲ့ကြပါသည်။ ထို့ပြင် ပညာရေး၊ ကျန်းမာရေး ၊ လူမှုရေးစသည့်တို့နှင့် သက်ဆိုင်သည့် ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သွားရောက်ရယူရန် လိုအပ်ကြောင်းကိုလည်း သိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံချက်သည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ပါ။ ဘက်ပေါင်းစုံမှ ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်စေးနိုင်မည်ဆိုပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုအားနှစ်အလိုက် ပေါ်ပေါက်လာသည့် အခက်အခဲများပေါ်မူတည်၍ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်
အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၊ ရာအိမ်မှူးများနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး
ဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၂၀၁၉ ခု နှစ် ၊ ဇွန် လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘောင်းကျ(မ)ကျေးရွာ
အရာတော်မြို့နယ်

၁။ နိဒါန်း

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျေးရွာလူထု ၊ ဦးစီးဌာန ၊ နိုင်ငံတော် / မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝလိုအပ်ချက် ၊ ကျေးရွာသူ / သားများ ဖြစ်ချင်သောဆန္ဒကို ကျေးရွာသူ/သားများကိုယ်တိုင် စီမံချက်ရေးဆွဲခြင်း၊ ပါဝင်ဆွေးနွေးခြင်းဖြင့် အောင်မြင်သော စီမံကိန်းတစ်ရပ်ဖြစ်တည်လာအောင် ဖော်ဆောင်သည့် အစီအစဉ်ဖြစ်ပါသည်။

ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ကျေးရွာဖွံ့ဖြိုးရေးကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာသူရွာသားများကိုယ်တိုင် ပါဝင်ခဲ့ကြသည်။ မူလကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် အတွေ့အကြုံမရှိသဖြင့် အောင်မြင်စွာရေးဆွဲ နိုင်ခဲ့ခြင်းမရှိပေ။ ယခုနိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ပန်းတိုင်ရောက်ရှိရန် လမ်းစပေါ်ပေါက်ခဲ့ပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးမှူး၊ လူမှုကူညီရေးအဖွဲ့အစည်း၊ နာယကအဖွဲ့အစည်းလူကြီးမင်းများနှင့်ညှိနှိုင်းတိုင် ပင်ကာကျွန်တော်

တို့အဖွဲ့အစည်းမှရွေ့သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ ယခင်ဖွဲ့စည်းပုံနှင့် ကျေးရွာတိုးတက်ရေးမှာ နှေးကွေးစွာကြန့်ကြာ

သည့်အပြင် လူမှုရေး၊စီးပွားရေး၊ အခြားကဏ္ဍများမှာ ပွင့်လင်းမြင်သာမှုမရှိဘဲ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နှစ်ပြီးတစ်နှစ် နောက်ကျ ကျန်ရစ်ခဲ့ပါသည်။ လက်ရှိကျေးရွာအား ဖွံ့ဖြိုးတိုးတက် နိုင်စေရန် နိုင်ငံတော်ကို တင်ပြနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ကျေးရွာ၏ စီးပွားရေးအင်အား မရှိသည့်အလျောက် တိုးတက်ရေးအပိုင်းတွင် စီမံကိန်းရေးဆွဲသလောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် လက်တွဲပူးပေါင်းကာ လမ်းညွှန်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီနိုင်စေရန် ကြိုးစား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြ

အပ်ပါသည်။

ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိပါသည်။ ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည် ဖော်ရန်နှင့်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ကျွန်တော်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရ အဖွဲ့အစည်းများသို့ တင်ပြမည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာ

နှင့်ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌာနတို့ ၏ သုတေသနလုပ်ငန်းများကို စိစစ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသဖြင့် ယခုအခါ ယခင်ကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲခဲ့ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိပါသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို ဦးစားပေးဆောင်ရွက်ပါသည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဘောင်းကျ(မ)ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ် ဘောင်းကျကျေးရွာအုပ်စု၊ အရာတော်မြို့၏ မြောက်ဘက်၊ ပရမ်းပကားချောင်းနှင့်မူးမြစ်တို့ပေါင်းစုံရာ မူးမြစ်ကမ်း၏ အနောက်

ဘက်တွင်တည်ရှိပါသည်။ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး သွားလာရေးမှာ(၈)မိုင်ခန့်ရှိသော ဘောင်းကျ-အရာတော်လမ်းသည် ကျောက်ချောလမ်းဖြစ်ပြီး၊ ယခုအခါ ၎င်းလမ်းပေါ်တွင် ဘောင်းကျကျေးရွာဘက်မှ ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်း (၁.၄) မိုင်ခန့်နှင့် အရာတော်မြို့ဘက်တွင် ကျေးလက်လမ်းဦးစီးဌာနမှ ကတ္တရာ(၂) မိုင်

ခင်းကျင်းထားသဖြင့် တစ်နှစ်ပတ်လုံးသွားရေးလာရေးကောင်းပါသည်။ မြေဆီလွှာအနေအထားနှင့် အရည်အသွေးမှာ ကောင်းမွန်သောသဲမြေ၊ တနယ်မြေများအပြင် မူးမြစ်ကမ်းအနီးတွင် ပိုမိုကောင်းမွန်သော နှုန်းတင်မြေနုကျွန်းများလည်းရှိသဖြင့် သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သော ဒေသတစ်ခုဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေဆီ၊ မြေဩဇာကောင်းမွန်သဖြင့် ယာမြေများတွင် ဒေသနှင့်ကိုက်ညီသော သီးနှံများစိုက်ပျိုးကြရာ ဈေးကွက်လျော့နည်းလာမှုကြောင့် အမြတ်အစွန်းနည်းပါးသဖြင့် ဝင်ငွေပို၍ရရှိနိုင်သော ကွမ်းကို အားထားစိုက်ပျိုးနေကြပါသည်။ ဘောင်းကျ(မ)ကျေးရွာသည် ရေဦးတူးမြောင်း၊ ဆည်ရေသောက်ရေဝင်၊ (၉)အုပ်စုတွင် ပါဝင် သော လယ်မြေကောင်းများရှိသော်လည်း ရေအလုံအလောက်မရရှိသဖြင့် လယ်သမားများအတွက် အခွင့်အလမ်း

ကောင်းများ ဆုံးရှုံးနေရပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ချောင်းနှင့်မူးမြစ်မှသဲများ ထုတ်ယူအသုံးပြုနိုင်ပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ ကောက်ယူရာတွင်

အိမ်ထောင်စုပေါင်း(၅၂၀)

ရှိပြီး ကျား(၁၀၉၃) ဦး၊ မ(၁၂၆၂)ဦး ရှိ၍ စုစုပေါင်း လူဦးရေ (၂၃၄၅)ဦးရှိပြီး၊ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅)ဦးနှုန်း

ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ (၅)ဦးနှုန်းနှင့် ညီမျှပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ အများဆုံး နေထိုင်ပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေအားလုံး၏ (၇၁%)ရှိသည်။ အမျိုးသမီးများမှာ အမျိုးသားအရေအတွက်ထက် (၁၆၉) ဦးများသဖြင့် အမျိုးသမီးလုပ်ကိုင်နိုင်သည့် လူစွမ်းအင်အရင်းအမြစ်များကို အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုလာနိုင်စေမည် ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေပိုင်ဆိုင်မှု

စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဝင်ငွေရ စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေအထားမှာ
အဝီစိတွင်း မြေအောက်ရေတို့ကို လုံလောက်စွာရရှိနိုင်သော လယ်မြေပိုင်ရှင်များနှင့် ချောင်းရေနှင့်မူးမြစ်ရေကို လက်လှမ်းမီသူ မြေရှင်များသာ ဝင်ငွေကောင်းမွန်ပြီး မိုးကောင်းရေသာအားထား၍ စိုက်ပျိုးသူများမှာ ဝင်ငွေ အသင့်အတင့်သာရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့လူဦးရေသည် မြေယာပိုင်ဆိုင်မှုရှိသော လူဦးရေထက် များသော်လည်း ရာသီအလိုက် ကျပန်းလုပ်ငန်း လုပ်ကိုင်ခြင်း၊ အရောင်းအဝယ်လုပ်ကိုင်ခြင်း၊ ဆံပင်မိတ်ကပ်အလှပြုပြင်ခြင်း၊ အပ်ချုပ်ဆိုင်ဖွင့်ခြင်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ ယက္ကန်းခတ်ခြင်း၊ ပန်းရံလုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ဆီကြိတ်စက်လုပ်ငန်း အစရှိသည့် စိုက်ပျိုးရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းမှုများဖြင့် စားဝတ်နေရေးအတွက် ရပ်တည်နေထိုင်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ ကျေးရွာ၏ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျေးလက်ကျန်းမာရေး ဌာနရရှိနေပြီဖြစ်သော်လည်း ဆရာ၊ ဆရာမများ ရောက်ရှိလာခြင်းမရှိသေးသည့်အတွက် (၈) မိုင်ဝေးကွာသော အရာတော်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူ ရရှိနိုင်ပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး ရာသီဥတုအကူးအပြောင်း ကာလများတွင် တုပ်ကွေးရောဂါနှင့် ဖျားနာခြင်းများ ဖြစ်ပွားလေ့ ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများလည်း ရှိပါသည်။ အာဟာရအနေဖြင့် ကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသား / သူများအား အာဟာရ တိုက်ကျွေးခြင်းများလည်း ရှိပါသည်။

(င) အတန်းပညာကျွမ်းကျင်မှု

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာသူ၊ ကျေးရွာသား အများစုသည် အခြေခံအရေး ၊ အဖတ် ၊ အတွက် တတ်မြောက်ကြပြီး ဘွဲ့ရရှိသူများလည်း အတန်အသင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အထိ ဖွင့်လှစ်ထားနိုင်ပြီဖြစ်၍ ပညာသင်ကြား

ရာတွင် ယခင်ထက်အဆင်ပြေလာပါသည်။အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသော ကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျနေဆဲဖြစ်ပါသည်။

(စ) ရပ်ရေးရွာရေး

ကျေးရွာ၏ ရပ်ရေးရွာရေးလုပ်ငန်းများကို အဖွဲ့အစည်းပေါင်းစုံမှ ပုဂ္ဂိုလ်များဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။ရွာသူ/သားများသည်လည်း မည်သည့်လုပ်ငန်းကိုမဆို စည်းလုံးညီညွတ်စွာနှင့် ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု အားကောင်းပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးအဖွဲ့၊ ပရဟိတအဖွဲ့၊ ဂေါပကအဖွဲ့တို့လည်း ဖွဲ့စည်းထားရှိပါသည်။ ကျေးရွာတွင် သာရေး/နာရေး၊ လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသူ/သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ် မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။အဓိကစိုက်ပျိုးသီးနှံသည်နှမ်း၊ မြေပဲ၊ စပါး၊ ပဲအမျိုးမျိုးနှင့် ဥယျာဉ်ခြံမြေအဖြစ် ကွမ်းကို အားထားစိုက်ပျိုးပြီး သနပ်ခါးနှင့် လျှော်ဖြူကို အနည်းငယ် စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးလယ်ယာ၊ ကိုင်း၊ ကျွန်းမြေ (၁၄၅၆.၆၈)ဧက ရှိပြီး မြေပဲအထွက်နှုန်းမှာ (၁)ဧက ပျမ်းမျှ (၄၅)တင်းထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ (၁)ဧက ပျမ်းမျှ (၆၀)တင်းထွက်ရှိပြီး ကွမ်းထွက်နှုန်းမှာ (၁)ဧကပျမ်းမျှ (၂၆၀) ဝိဿာထွက်ရှိပြီး ဂျုံနှင့်ပဲအမျိုးမျိုးသည် ဈေးကောင်းရရှိမှု နည်းပါးသောကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော သီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်

သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။တောင်သူများ သီးနှံထုတ်လုပ်မှုသည် ဝင်ငွေနည်းသည့်အတွက် သီးနှံထုတ်လုပ်မှုတွင် လုပ်သားရှားပါး လာပါသည်။မွေးမြူရေးတွင် နွား၊ ဝက်နှင့် ကြက်တို့ကို အနည်းသာ မွေးမြူကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိရေတွင်းနှင့် လက်ငင်ရေတွင်းများအား အသုံးပြုနိုင်ကြပါသည်။

ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း (၌) အဆင့်အထိ ပညာသင်ကြားခွင့် ရရှိနေပြီဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာန ရရှိနေပြီဖြစ်သော်လည်း ဆရာ၊ ဆရာမများ မရောက်ရှိသေးပါသဖြင့် အရာတော်မြို့ ပြည်သူ့ဆေးရုံတွင်သွားရောက်၍ ဆေးကုသမှုခံယူရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုး/ဆောင်းဘဏ်ချေးငွေများအား နှစ်စဉ်နှစ်တိုင်း ထုတ်ချေးပေးလျက်ရှိရာ လယ်မြေ (၁)ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်း၊ ယာမြေအတွက် (၁)ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် ထုတ်ချေးပါသည်။အခြား အသေးစားချေးငွေဝန်ဆောင်မှုများလည်း ရှိပါသည်။ ပြည်ပချေးငွေဖြစ်သော Pact Myanmar သည် (၁၄)ရက် (၁)ပတ် ပေးသွင်းရပြီး စထာပနာချေးငွေမှာ (၁)လ (၁)ခါ ပေးသွင်းရပါသည်။

(င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်းတွေ့ရှိရပါသည်။ကျေးရွာသူ၊ သားများသည် အခြေခံအရေး ၊ အဖတ် ၊ အတွက်အချက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများ လည်းရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(၌)အဆင့်အထိ ပညာသင်ကြားခွင့် ရရှိနေပြီ ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှု အားနည်းနေခြင်းဖြစ်သည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး ရာသီဥတုအကူးအပြောင်းတွင် လူငယ်လူကြီးများ ဖျားနာတတ်ကြပါသည်။ နေ့စဉ်အလုပ်အကိုင် အထိုက်အလျောက် လုပ်ကိုင်ကြသည့်အတွက် အသင့်အတင့်အဆင်ပြေကြပြီး ကျေးရွာတွင် အိမ်ထောင်စုဝင်များ၊ ကလေးသူငယ်များအပါအဝင် ယေဘုယျအားဖြင့် အဟာရဓါတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို

ကျေးလက်ကျန်းမာရေးဌာနရရှိနေပြီဖြစ်သော်လည်း ဆရာ၊ ဆရာမများ ရောက်ရှိလာခြင်းမရှိသေးသည့်အတွက် (၈) မိုင်ဝေးကွာသော အရာတော်မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူကြရပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်ယာမြေများတွင် စပါးစိုက်ပျိုးရာ၌ အဝီစိတွင်းရေ အသုံးပြုရခြင်းနှင့် ယာမြေများတွင် နှစ်စဉ် နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ စိုက်ပျိုးကြပြီး ဓါတုဗေဒကွန်ပေါင်းဓါတ်မြေဩဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရပါသည်။ဥယျာဉ်ခြံမြေတွင် စိုက်ပျိုးသောနှစ်ရှည်ပင်များ(ကွမ်း၊ သနပ်ခါး၊ လျှော်ဖြူ)တွင် ပိုးသတ်ဆေးများ အသုံးပြု

ရသောကြောင့် သဘာဝပတ်ဝန်းကျင်ကို အနည်းငယ်ထိခိုက်မှု ရှိပါသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ် လျော့ပါးခြင်းအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျား-မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများဆောင်ရွက်သည်။ စိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံလုပ်ငန်းများတွင် အမျိုးသမီးများသည် ပေါင်းသင်ခြင်း ၊ အမှိုက်ကောက်ခြင်း ၊ ကွမ်းညွှန့်တည်းခြင်း ၊ ကွမ်းသိပ်ခြင်းများလည်း လုပ်ကိုင်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်း ၊ ချုံနွယ်များရှင်းလင်းခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။ စိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းများတွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား/မ တန်းတူ အခွင့်အရေးရှိပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလလမ်းများရှိသော်လည်း ကျယ်ဝန်းမှုလိုအပ်နေသည့်အတွက် ရွာတွင်းလမ်းများချဲ့ထွင်နိုင်ရေးအတွက်ဆောင်ရွက်ရန် ပံ့ပိုးမှုငွေကြေးအခက်အခဲများရှိခြင်း၊ နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ လက်လှမ်းမီမှုအားနည်းခြင်း စသည့် အဟန့်အတားများနှင့် ရင်ဆိုင်နေရပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် လမ်းများချဲ့ထွင်ရာတွင်သဲမြေဖြစ်သည့် အတွက် မြေသားဘောင်တင်ရုံဖြင့် လမ်းကောင်းမွန်ပြီး ဂျင်းမြေခင်းရန် မလိုအပ်ခြင်း၊ ၂၀၁၈-၂၀၁၉တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် (၁၁)ကေဗွီ ခါတ်အားလိုင်း ကျေးရွာအတွက်ပါရှိသဖြင့် မီးတိုင်များ စိုက်ထူရန် လမ်းချဲ့ရန် လိုအပ်ကြောင်း လမ်းဘေးဝဲယာအိမ်ရှင်များမှ စည်းရုံးနိုင်ခြင်း နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ ၊ ငွေကြေးထောက်ပံ့မှုများလက်လှမ်းမီမှုရှိပါက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အထောက်အပံ့များဖြစ်စေနိုင်ပါမည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွင်း မူလလမ်းရှိသော်လည်း မီးတိုင်များစိုက်ထူရန် လမ်းချဲ့ထွင်မှု လိုအပ်နေပါသည်။ ရွာတွင်းလမ်းများ ချဲ့ထွင်ရေးအတွက် ဆောင်ရွက်ရန် ပံ့ပိုးမှုငွေကြေးအခက်အခဲများရှိခြင်း ၊ နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ လက်လှမ်းမီမှုအားနည်းခြင်း စသည့်အချက်များကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅) နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) မိမိတို့နေထိုင်သောကျေးရွာသည် ဘာသာရေး ၊ ပညာရေး ၊ စီးပွားရေး ၊ လူမှုရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ စုပေါင်းဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာစေရမည်။

(၂) မိမိတို့နေထိုင်သောကျေးရွာသည် ကျေးရွာအင်္ဂါရုပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြသော ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအောင်မြင်ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

ကျေးရွာတွင် နည်းပညာပိုင်းဆိုင်ရာနှင့် စက်ယန္တရားများ ၊ ငွေကြေးထောက်ပံ့မှုများ ရရှိရေးတို့ကို ဆောင်ရွက်ပြီး ကျေးရွာသူ/သားများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်၍ ကျေးရွာတွင်းလမ်း ဂျင်းခင်းခြင်း လုပ်ငန်းဆောင်ရွက်သွားမည်။

နိဂုံး

ကျေးရွာလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုရရှိရေး၊ လိုအပ်သော အထောက်အပံ့များရရှိရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးကွင်းဆက်ပါလုပ်ငန်းများကိုလည်း (၅)နှစ်တာကာလအတွင်း အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဧယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၅	၂၃	၄၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၇၁	၆၂	၁၃၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၇	၇၆	၁၄၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၂	၆၉	၁၄၁
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၇၇၁	၉၀၁	၁၆၇၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၈၇	၁၃၁	၂၁၈
စုစုပေါင်း		၁၀၉၃	၁၂၆၂	၂၃၅၅
စုစုပေါင်း အိမ်ထောင်စု		၅၂၀		

လေ့လာတွေ့ရှိချက်။ ။ ဘောင်းကျ(မ) ကျေးရွာတွင် (၁) နှစ်အောက် နို့စို့အရွယ်ကလေးမှာ လူဦးရေနှင့်

နှိုင်းယှဉ်လျှင် မွေးဖွားနှုန်းနည်းနေကြောင်းနှင့် မူလတန်းနှင့် အလယ်တန်းဆင့် ကျောင်းသား / သူဦးရေမှာ လူဦးရေနှင့် အချိုးကျကိုက်ညီမှု တွေ့ရပြီး အမျိုးသမီးများသည် အမျိုးသားထက် အသက်ပို၍ရှည်စွာ နေထိုင်ရ

ကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၉၀	၁၆၇၂		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☑နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☑နိမ့်☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	၂၀	၂၀		မြင့်☐လတ်☐နိမ့်☑
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း	၁၀	၁၅		မြင့်☐လတ်☑နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☑နိမ့်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☑
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☑
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း				မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင်လုပ်ငန်း				
	အလုပ်သမား /ကျပန်း / ရာသီအလိုက်အလုပ်သမား				☒
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင်လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	၅၂၀	၁၇၀၇		☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား၍ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ဦးရေများပြားပြီး ဝင်ငွေရရှိမှုအခြေအနေမှာ အလယ်အလတ်တန်းစားတွင် ရှိပါသည်။ ဆည်ရေသောက်ရေဝင်(၉)

အုပ်စုတွင် ပါဝင်သော်လည်း ဆည်ရေအလုံအလောက်မရရှိသဖြင့် မိုးကောင်းသည့်နှစ်များတွင်သာ လယ်သမားများ ကုန်ကျစရိတ်နည်းပါးပြီး စပါးထွက်နှုန်း ကောင်းမွန်သည့် ဒေသဖြစ်ပါသည်။ လက်ရှိအချိန်တွင် ကွမ်းစိုက်ပျိုးမှုကြောင့်သာ အလုပ်ရှင်နှင့် အလုပ်သမားများ ဝင်ငွေရရှိမှု သင့်တင့်ကောင်းမွန်နေခြင်းဖြစ်ပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၄၀၀၀	၅၀၀၀	၄၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင်ပန်းရံ/လက်သမားလုပ်အားခကျား(၇၀၀၀)ကျပ်နှင့်မ(၅၀၀၀) ကျပ်နှုန်းမှလွဲ၍ ကျန်လုပ်အားခများမှာ အမျိုးသားများ (၅၀၀၀)ကျပ်နှုန်းနှင့် အမျိုးသမီးများ(၄၀၀၀)ကျပ် တပြေးညီ ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၅၈.၀၂	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၁၆.၅၃	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၉.၈၅	ကောင်း ☐	သင့်☐	ညံ့ ☑
ကိုင်း/ကျွန်းမြေ	၃၇၂.၂၈	ကောင်း ☑	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၄၅၆.၆၈	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃)

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် လယ်မြေ၊ ယာမြေ၊ ကိုင်း/ကျွန်းမြေတို့ရှိကြပါသည်။

ကိုင်း/

ကျွန်းမြေသည် မြေဆီလွှာအရည်အသွေးကောင်းမွန်ပြီး လယ် ၊ ယာမြေမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်မှုရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☑ သင့်☐ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☑ နည်း☐ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထွက် သယံဇာတပစ္စည်းများမထွက်ရှိပုဒ်ပါ။ မူးမြစ်သောင်ခုံနှင့် ချောင်းများအတွင်းမှ သဲကိုသာလျှင် အလွယ်တကူများပြားစွာ ထုတ်ယူနိုင်ပါသည်။ နွားစာ ပေါများ၍ ဆေးဘက်ဝင်အပင်များ အနည်းငယ်ရရှိနိုင်ပြီး မူးမြစ်အတွင်းမှ ငါးနှင့်ပုဇွန် ဖမ်းယူရရှိနိုင်ပါသည်။သဘာဝ တိရိစ္ဆာန်မျိုးစိတ်များအနေဖြင့် မြွေပွေး၊ မြွေဟောက်၊ လင်းမြွေ၊ ယုန်နှင့် လိပ်တို့လည်း ပေါက်ပွားရှင်သန်မှုများ အသင့်အတင့် တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀-၃၅ ဧက	၁၀-၂၀ ဧက	၅-၁၀ဧက	မရှိ
အိမ်အခြေအနေ	တိုက်	သွပ်မိုး၊ နံကပ်	ထန်းရွက်မိုး၊ ကပ်ကာ	မရှိ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထော်လာကျီ၊ ရိတ်သိမ်းခြွေလှေ့စက်	ထွန်စက်၊ဆိုင်ကယ်	ဆိုင်ကယ်၊ဖုန်း	မရှိ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေးလုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ ကျပန်း	မရှိ
အိမ်ထောင်စု	၆၉	၁၁၈	၃၃၃	-

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် အလွန်အဆင်မပြေသော အိမ်ထောင်စုစာရင်းတွင် ပါရှိသော်လည်း အိမ်အဆောက်အဦးမှာ တိုက်အိမ်မဟုတ်သူများ ပါရှိနေကြပြီး အိမ်အဆောက်အဦးမှာ တိုက်အိမ်ဖြစ်သော်လည်း အလယ်အလတ် စာရင်းတွင်သာ သတ်မှတ်သင့်သူများလည်း တွေ့ရှိရပါသည်။ အလွန်အဆင်မပြေသော အိမ်ထောင်စု မတွေ့ရပါ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စု မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရိစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုရှိသဖြင့် နေ့စဉ်စား၀တ်နေရေး အဆင်ပြေကြပါသည်။ တစ်ခါတစ်ရံ မိုးခေါင်ခြင်းများနှင့် ကြုံတွေ့ရတတ်သလို မူးမြစ်မှ ရေကြီးရေလျှံမှုများလည်း တွေ့ကြုံ ခံစားရတတ်ပါသည်။ဆည်ရေသောက်ရေဝင်(၉)အုပ်စုတွင်ပါဝင်သော်လည်း ဆည်ရေရရှိမှုအားနည်းခြင်း

ကြောင့် မိုးခေါင်သည့်နှစ်များတွင် စပါးစိုက်တောင်သူများ အရင်းနှီးမှုများလည်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် ဆင်းရဲသားတောင်သူများအနေဖြင့် မိုးခေါင်ခြင်း၊မိုးသီးကြွေခြင်း၊ မူးမြစ်ရေကြီးခြင်းနှင့် ကြုံတွေ့ရလျှင် သီးနှံများ ပျက်စီးမှုရှိသဖြင့် အရင်းရှုံးမှုအကျိုးဆက်ကြောင့် အကြွေးတင်မှုများလည်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁☐ ၂☐ ၃☑	၃၀	-	၃၀	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	မီးသတ်အဖွဲ့	၁☐ ၂☑ ၃☐	၂၀	-	၂၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	အမျိုးသမီးအဖွဲ့	၁☐ ၂☑ ၃☐	-	၁၂	၁၂	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ဦးပိန်နာရေးကူညီမှုအသင်း	၁☐ ၂☐ ၃☑				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၅	ကျေးရွာသန့်ရှင်းရေးအဖွဲ့	၁☐ ၂☑ ၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မီးကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	လမ်းကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၈	ကျောင်း	၁☐ ၂☑ ၃☐				ပညာရေး☑ငွေကြေး☐	ကောင်း ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	ကော်မတီ					ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	သင့် ☑ ညံ့ □
၉	ဂေါပကအဖွဲ့	၁□ ၂☑ ၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာအတွင်းရှိ ရပ်မိ၊ရပ်ဖအဖွဲ့သည် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဘာသာရေးလုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်ပြီး ပရဟိတအဖွဲ့နှင့် အမျိုးသမီးအဖွဲ့သည် သာရေးနာရေး၊ဘာသာ ရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ကြကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ပက်မြန်မာ	၁□ ၂☑ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	စထာပနာ	၁□ ၂☑ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး□

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)**

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)**

(၆) **ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)**

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ဘောင်းကျ(မ)ကျေးရွာတွင် ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများဖြစ်သည့် ပက်မြန်မာအဖွဲ့မှာ အတိုးနှင့်အရင်း (၃၀%)ကို (၁၄)ရက် တစ်ပတ် ပေးသွင်းရပြီး စထာပနာအဖွဲ့အစည်းမှာ အတိုး(၂၀%)နှင့် အရင်း(၁၀%)ကို တစ်လတစ်ခါ ပေးသွင်းရပါသည်။ ၎င်းအဖွဲ့အစည်းနှစ်ရပ် ပေါ်ပေါက်လာသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးကျေးဇူးမများလှပါ။ ကျေးရွာလူထုအတွက် ကြွေးမြီ ၊ ပုခုံးပြောင်းနိုင် လွဲနိုင်ယုံသာ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

